မဟာသာ(ရှေ့)ကျေးရွာ

မဟာသာအုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး

ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)


စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မဟာသာ(ရှေ့)ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)



ဩဂုတ်လ၊ ၂၀၁၈

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စကားချီး | ၁ |
| | မဟာသာရှေ့ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ် | ၃ |
| | မဟာသာရှေ့ကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် | ၄ |
| | **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | ၅ |
| ၁။ | နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | |
| | (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| | (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| ၂။ | တည်နေရာနှင့်ပထဝီအနေအထား | ၆ |
| ၃။ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၇ |
| ၄။ | ကျေးရွာရှိ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၇ |
| | (ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၇ |
| | (ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၈ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၉ |
| | (င) ပညာရေး | ၉ |
| | (စ) ကျန်းမာရေး | ၁၀ |
| | (ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၁ |
| | (ဇ) ကျား – မ ရေးရာ | ၁၁ |
| ၅။ | ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ | ၁၂ |

နောက်ဆက်တွဲများ

| | | |
|---|---|---|
| နောက်ဆက်တွဲ(၁) – | ဖွံ့ဖြိုးရေးဗျူဟာဇယား | ၁၃ |
| နောက်ဆက်တွဲ(၂) – | ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၄ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏

ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

၂

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီ အစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့် ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်း အရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဩဂုတ်လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မဟာသာရွှေ့ကျေးရွာ
ဇလွန်မြို့နယ်

## မဟာသာ(ရှေ့)ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ်




ရက်စွဲ၊ ၁၅.၇.၂၀၁၈

ရေးဆွဲသူ၊ ဦးရဲရင့်အောင်

# မဟာသာ(ရှေ့)ကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ်

| စဉ် | အဖြစ်အပျက် | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရာသီဥတု |  | | | | | | | | | | | |
| ၂။ | စိုက်ပျိုးရေး(လယ်) | မတ်ပဲ သိမ်း | - | ပျိုးကြဲ | လယ်စိုက် | မြက်နှုတ်၊ ဆေးဖြန်း | မြက်နှုတ်၊ ဆေးဖြန်း | စပါးရိတ်၊ ပဲကြဲ | စပါးရိတ်၊ ပဲကြဲ | ပဲဆေးဖြန်း | ပဲဆေးဖြန်း | ပဲနှုတ် | မတ်ပဲသိမ်း |
| ၃။ | ရောဂါ | အပူဖျား | အပူဖျား | ချွေးလွန် တုပ်ကွေး | ဝမ်းပျက် ဝမ်းလျှော | ဝက်ဖျား ရောဂါ | - | - | - | - | နှာစေး၊ ချောင်းဆိုး | နှာစေး၊ ချောင်းဆိုး | အပူဖျား |
| ၄။ | အလုပ်အကိုင် | သင့်တင့် | ရှားပါး | ရှားပါး | အလွန်ကောင်း | အလွန်ကောင်း | သင့်တင့် | ရှားပါး | အလွန်ကောင်း | ရှားပါး | ရှားပါး | အလွန်ကောင်း | အလွန်ကောင်း |
| ၅။ | ဝင်ငွေ/ထွက်ငွေ |  | | | | | | | | | | | |
| ၆။ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | - | ဝါဆို သင်္ကန်း ကပ်ပွဲ | - | - | မီးထွန်းပွဲ | - | - | - | ထမနဲပွဲ | ဘုရားပွဲ |
| ၇။ | ငွေကြေးဖူလုံရေး | ငါးထွက် | ငါးသား ပေါက်စ ဝင်ငွေ | ငါးသားပေါက် ဝင်ငွေ | ငါးသန် အကြွေး | အကြွေး | အကြွေး | - | - | - | ငါးအနည်း ငယ်ဖမ်း | ငါးလှိုင်းလိုင် ဖမ်း | ငါးဖမ်း ရာသီသိမ်း |
| ၈။ | စိုက်ပျိုးရေး(ခြံ) | ရာသီပင် | ရာသီပင် | ကွမ်း၊ ပန်း | ကွမ်းပင် ပြုစု | ကွမ်းချူး | ရာသီပင် | ရာသီပင် | ပန်းအထွက် ကောင်း | ပန်းအထွက် ကောင်း | ကွမ်း အထွက် ကောင်း | ကွမ်း အထွက် ကောင်း | ကွမ်း အထွက် ကောင်း |

ရက်စွဲ၊၁၅.၇.၂၀၁၈

ရေးဆွဲသူ၊ ဦးကျော်စန်းဦး

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက် အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြ ထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင် မည်ဖြစ်သည်။ မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်း မှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများ ကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ် သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။တည်နေရာနှင့်ပထဝီအနေအထား

မဟာသာကျေးရွာအုပ်စု၊ မဟာသာ(ရှေ့)ကျေးရွာသည် ဇလွန်-ကော့ကပ်-ရှားခဲလမ်းမကြီး နှင့် (၁.၅)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ မဟာသာ(ရှေ့)ကျေးရွာသည် ကော့ကပ်ကလေးအထက် ပိုင်းကျေးရွာအား ချောင်းကူးတံတားနှင့်ဆက်စပ်ပြီး အနောက်ဘက်တွင် မဟာသာ(အနောက်)ကျေး ရွာ၊ တောင်ဘက်တွင် မဟာသာလတ်ကျေးရွာတို့နှင့် ထိစပ်လျက်ရှိပါသည်။ ဇလွန်မြို့နှင့် ရှားခဲမြို့ ဈေးများသို့ သွားလာကြပါသည်။ မဟာသာ(အရှေ့)ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေး၊ ကျပန်းအလုပ်တို့ ဖြစ်ပါသည်။ ဒေသ၏ပျမ်းမျှမိုးရေချိန်မှာ တစ်နှစ်လျှင် (၄၀)လက်မအထက်ရှိပြီး မိုးစပါးစိုက်ပျိုးရေး လုံလောက်မှုရှိပါသည်။ လယ်ယာမြေများကိုစိုက်ပျိုးရာတွင် စပါး၊ မတ်ပဲသီးနှံများကို အဓိကထား စိုက်ပျိုးထုတ်လုပ်ပါသည်။

**၃။ရာသီဉ_တုနှင့် သဘာဝအရင်းအမြစ်များ**

မဟာသာ(ရှေ့)ကျေးရွာသည် လယ်သမားများအတွက် မိုးစပါးကို မိုးရာသီတွင် မိုးရေဖြင့် အလုံအလောက်ရရှိသဖြင့် မိုးစပါးစိုက်ပျိုးအောင်မြင်ပါသည်။ စိုက်ပျိုးမြေများအနေဖြင့် အသင့် အတင့်ရှိပြီး မြေဆီလွှာလည်းအသင့်အတင့်ကောင်းမွန်ပါသည်။ မိုးစပါးစိုက်ကေ(၃၈၄.၇၅)ကေရှိပြီး မိုးစပါးစိုက်ပျိုးပြီးပါက နွေစပါးနှင့်မတ်ပဲသီးနှံများကို အလှည့်ကျစိုက်ပျိုးပါသည်။ ကျေးရွာတွင် ဥ_ယျာဉ်ခြံမြေ(၈.၃၅)ကေခန့်ရှိပြီး ကွမ်း၊ ပန်းနှင့် ရာသီပင်များကို စိုက်ပျိုးကြပါသည်။ သဘာဝ တွင်းထွက်သယံဇာတပစ္စည်းများမထွက်ပါ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှုမရှိပါ။ စားကျက်ကွင်းများလည်းမရှိတော့ပါ။ ဆေးဖက်ဝင်အပင်များမှာ သာမန်တွေ့ရသော အပင်များသာ ရှိပါသည်။

**၄။ကျေးရွာရှိ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

**(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

မဟာသာ(ရှေ့)ကျေးရွာတွင် သီးသန့်အဖွဲ့အစည်းဖွဲ့စည်းထားခြင်းမရှိသော်လည်း လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ သာရေး၊ နာရေး ကိစ္စရပ်များတွင် လူကြီး၊ လူငယ်၊ ကျား၊ မ ပူးပေါင်းပါဝင် ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရှိပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးရေးအမျိုးသမီး၊ အစားအသောက်ညှိခံရေး၊ ဓမ္မပီယအဖွဲ့၊ ဘာသာရေးနှင့် ပညာရေးအတွက် ဓမ္မစကူးကော်မတီနှင့် ဆရာ၊ ဆရာမများအဖွဲ့၊ သာရေး၊ နာရေးများအတွက် အချက်အပြုတ်ပရဟိတအဖွဲ့များ၊ မိမိတို့၏ စေတနာအရင်းခံ၍ ဖွဲ့စည်းထားသောအဖွဲ့များလည်းရှိပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးရေးအတွက် ရွာ လမ်းခင်းနိုင်ရန် ကျပ်သိန်း(၁၀၀)နီးပါးစုဆောင်းမတည်၍ ကျေးရွာသူကျေးရွာသားများ အင်တိုက် အားတိုက်ဆောင်ရွက်လျက်ရှိပါသည်။ လမ်းမကြီးသာ ကုန်ထုတ်လမ်း စံချိန်မီပါက ပညာရေး၊ ကျန်း မာရေး၊ စီးပွားရေး အဘက်ဘက်တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။

**(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**

မဟာသာ(ရှေ့)ကျေးရွာတွင် မိုးစပါး၊ ဆောင်းစပါး၊ မတ်ပဲနှင့် ခြံမြေများတွင် ကွမ်း၊ ပန်းနှင့် အခြားရာသီပင်များ စိုက်ပျိုးကြပါသည်။ မိုးစပါးပျမ်းမျှ(၁)ကေအထွက်နှုန်းမှာ (၅၅)တင်း၊ နွေစပါး (၁)ကေပျမ်းမျှအထွက်နှုန်းမှာ (၁၁၀)တင်းနှုန်း၊ မတ်ပဲ(၁)ကေပျမ်းမျှအထွက်နှုန်း(၁၀)တင်းနှုန်းများ သာ ထွက်ကြပါသည်။

ကျေးရွာရှိ မွေးမြူရေးကဏ္ဍမှာ မတွင်ကျယ်ပါ။ ဈေးကွက်လက်လှမ်းမီသော်လည်း သယ်ယူ ပို့ဆောင်ရေးအခက်အခဲ၊ မွေးမြူရေးပြုလုပ်ရန်နေရာအခက်အခဲများရှိပါသည်။ မွေးမြူရေးလုပ်ငန်း စိတ်ဝင်စားမှုများရှိပါသည်။ စီးပွားရေးငွေကြေးအခက်အခဲများကြောင့် စီးပွားဖြစ်ထုတ်ချေးငွေနှင့် နည်းပညာသိရှိမှုအားနည်းပါသဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူသူများသည် ဝက်မွေးမြူရေးပြုလုပ်ရာ တွင် ဝက်နာရောဂါအဖြစ်များသောကြောင့် ဖြစ်ထွန်းမှုနည်းပါးပြီး စနစ်တကျမွေးမြူလိုကြပါသည်။ ကြက်နှင့်ဘဲတို့ကိုလည်း တစ်ပိုင်တစ်နိုင်မွေးမြူကြသည်။ ငါးကန်ဖြင့်ငါးမွေးမြူသူများလည်း စီးပွား

ဖြစ်မွေးမြူကြသူလည်းရှိပါသည်။ နည်းပညာနှင့်ထောက်ပံ့မှုများ မရရှိကြပါ။ မွေးမြူရေးလုပ်ငန်း ပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းများ တည်ထောင်တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူမရရှိနိုင်ကြပါ။

၈

မဟာသာ(ရှေ့)ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သောအိမ်ထောင်စုများအတွက် ကျေးရွာတွင် ပုံမှန်ဝင်ငွေရအလုပ်အကိုင်နည်းပါး၍ တစ်နယ်တစ်ကျေးတွင် အသက်မွေးဝမ်း ကျောင်းပြုလုပ်နေသူများလည်းရှိပါသည်။ လုပ်သက်နှင့်ပညာအရည်အချင်းအလိုက် ၃၀၀၀၀၀ ကျပ် မှ ၉၀၀၀၀ ကျပ်အထိ ရရှိကြသည်။ သင်ဖျာယက်လုပ်ခြင်း၊ တောင်းယက်ခြင်း၊ ပန်းရံ၊ လက်သမား အတတ်ပညာတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူအချို့လည်းရှိပါသည်။ ပန်းရံလက်သမားများ၏ တစ်နေ့လုပ်အားခ (၇၀၀၀ကျပ်)အထိရရှိပြီး ဆရာအဆင့် (၁၀၀၀၀ကျပ်)ရရှိကြသည်။ အခြားဝင် ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ဆိုင်ကယ်ကယ်ရီပို့ဆောင်ခြင်းလုပ်ငန်းများ၊ ခေါင်းရွက် ဖြတ်ထိုးဈေးသည်များ၊ အစိုးရဝန်ထမ်းများလည်းရှိပါသည်။ လယ်လုပ်ငန်းနှင့် ခြံလုပ်ငန်းများမှာ နေ့စားအလုပ်သမားများ တစ်နေ့လုပ်အားခ(၅၀၀၀ကျပ်)အထိ ရရှိကြသည်။ လုပ်အားစိုက်ထုတ်မှု ပေါ်မူတည်၍ အမျိုးသမီးများမှာ အမျိုးသားများထက် လုပ်အားခအနည်းငယ်လျော့နည်းသည်။

စီးပွားရေးအနေနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်သမားများဖြစ်ကြပြီး ၄င်း တို့အနက် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူထက် အလုပ်သမားများ၊ ကျပန်း၊ ရာသီအလိုက် အလုပ် သမားများလည်းရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စုများ၏ တစ်ဝက်နီးပါးခန့်သည် စိုက်ပျိုးရေး တောင်သူများဖြစ်ပြီး ကျန်အိမ်ထောင်စုများသည် မြေယာမဲ့များဖြစ်ပြီး နေ့စားကျပန်းအလုပ်များ အား အဓိကထားလုပ်ကိုင်နေရသူများဖြစ်ပါသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်ရာတွင် အိမ် ထောင်စုအားလုံး၏ (၄%)သာ ချမ်းသာအဆင့်ရှိပြီး၊ (၃၅%)သည် အလယ်အလတ်အဆင့်၊ (၃၆%)သည် ဆင်းရဲအဆင့်၊ (၂၅%)သည် အလွန်ဆင်းရဲအဆင့်တွင် ရှိနေကြသည်။ လယ်သမား အချို့သာ လယ်ယာသုံးစက်ကရိယာများပိုင်ဆိုင်ကြပြီး ငှားရမ်းအသုံးပြုသူများသည် တစ်ဧက ကာလပေါက်ဈေး တစ်စပ်ထွန် (၁၅၀၀၀ကျပ်) ပေးငှားထွန်ရပါသည်။

**(ဂ)အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

မဟာသာ(ရှေ့)ကျေးရွာတွင် မဟာသာ(ရှေ့)-ကော့ကပ်ကလေးကျေးရွာချင်းဆက်လမ်းနှင့် ချောင်းခြားခြင်း၊ ကော့ကပ်ကလေးလမ်းမှ ဇလွန်မြို့သို့ သွားနိုင်ခြင်း၊ ရှားခဲ့သို့ မဟာသာ(အနောက်) ကျေးရွာအား ဖြတ်ပြီးမှ သွားလာနိုင်ပါသည်။ ကျေးရွာလမ်းသည် မြေသားလမ်းဖြစ်ပြီး ကွန်ကရစ် လမ်းကျဉ်းလေးဖြင့် ဆက်သွယ်အသုံးပြုရပါသည်။ မဟာသာရှေ့ကျေးရွာ ရွာတွင်းလမ်းမှာ အရှည်ပေ(၇၀၀၀)ပေရှိပြီး (၁၂)ပေအကျယ်မြေသားလမ်းပေါ်တွင် (၁ပေခွဲအကျယ်၊ ၄လက်မထု)ဖြင့် ကွန်ကရစ်လမ်းခင်းကျင်းထားရာ သွားလာဆက်သွယ်ရေးအခက်အခဲများရှိသဖြင့် ကျန်ရှိနေသော မြေသားလမ်းပေအကျယ်အား ချောင်းကျောက်ခင်း၍ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်လိုကြောင်း ကူညီပံ့ပိုးမှုများရှိပါက ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အရာအားလုံး အဆင့်မြင့် တိုးတက် လာမည်ဖြစ်ပါသည်။

မဟာသာ(ရှေ့)ကျေးရွာတွင် ကျေးရွာချင်းဆက်ကွန်ကရစ်တံတား(၃)စင်းရှိရာ ကော့ကပ် ကလေးကျေးရွာသို့ ရွာချင်းဆက်တံတားမှာ ကိုယ်ထူကိုယ်ထတံတားအကျဉ်းကလေးဖြစ်နေသည့် အတွက် ရွာချင်းဆက်အဓိကတံတားအဖြစ် ကုန်ထုတ်တံတားတစ်စင်းအဖြစ် အဆင့်မြှင့်တင်လိုပါ သည်။

၉

ကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုအတွက် ဇလွန်ဈေးနှင့် ရှားခဲဈေးသို့ ဆိုင်ကယ်၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်တို့ဖြင့် သွားလာကြပါသည်။ ဆိုလာနှင့် ဘက်ထရီအိုးအများဆုံး အသုံးပြုပြီး မီးလင်းရေးအတွက် မဟာဓါတ်အားလိုင်းမှ ရရှိရေး အထူးမျှော်လင့်နေကြပါသည်။

မဟာသာ(ရှေ့)ကျေးရွာတွင် အိမ်တိုင်းနီးပါးမျှလက်ကိုင်ဖုန်းများ အသုံးပြုနေကြပြီး ဖုန်း တာဝါတိုင်(MPT)နှင့်နီးသဖြင့် ဆက်သွယ်ရေးလိုင်းအား ကောင်းမွန်ပါသည်။ သဘာဝဘေး အန္တရာယ်ကျရောက်ပါက အရေးပေါ်အကူအညီတောင်းနိုင်သော်လည်း ခရီးကွာဝေးသဖြင့်(ဥပမာ– မီးဘေးအတွက် မီးသတ်အရေးပေါ်ပစ္စည်းများ)လိုအပ်ပါသည်။ ကော့ကပ်တိုက်နယ် ရဲစခန်းနှင့်နီး သဖြင့် အလွယ်တကူအကူအညီရယူနိုင်ပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

မဟာသာ(ရှေ့)ကျေးရွာတွင် လယ်သမားအများစုမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေ(အတိုးနှုန်းပြား၈၀)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးယူသုံးစွဲကြ သည်။ မဟာသြဘာမှလည်း ချေးငွေချေးယူရရှိပါသည်။ ကျေးရွာ၏လေးပုံတစ်ပုံခန့်လောက်သည် ကိုရီးယားချေးငွေ(အတိုးနှုန်း၁.၅ကျပ်နှုန်း)နှင့် UNDP ချေးငွေ(အတိုးနှုန်း၂.၅ကျပ်နှုန်း)တို့ဖြင့် စားဝတ်နေရေး၊ တစ်ပိုင်တစ်နိုင်အသက်မွေးဝမ်း ကျောင်း လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ချေးယူကြသည်။

ကျေးရွာသားအများစုသည် ချေးငွေကို ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင် ရာကိစ္စရပ်များအတွက် ချေးယူသုံးစွဲကြောင်း တွေ့ရပါသည်။ ရပ်ရေးရွာရေးတွင် အတိုးနှုန်း (၅ကျပ်၊ ၁၀ကျပ်)တို့ဖြင့်လည်း ချေးယူသုံးစွဲကြသည်။

ကျေးရွာမှ ပုဂ္ဂလိကဘဏ်များနှင့်လည်း ဆက်သွယ်ချိတ်ဆက်အသုံးပြုတတ်ကြသည်။ အခြားဒေသသို့သွားရောက်လုပ်ကိုင်သူများထံမှ ပြန်ပို့ငွေကို ကမ္ဘောဇဘဏ်၊ ရောဝတီဘဏ်တို့မှ ထုတ်ယူသုံးစွဲကြသဖြင့် ဘဏ်များနှင့်လည်း ချိတ်ဆက်အသုံးပြုနိုင်ပါသည်။

## (င) ပညာရေး

မဟာသာ(ရှေ့)ကျေးရွာအရှေ့ဘက်ပိုင်းတွင် အ.ထ.က(ခွဲ)မဟာသာကျောင်းတော်ကြီးရှိပါ သည်။ စာသင်ကျောင်းဆောင်ကြီးမှာ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း၊ ကွန်ကရစ်ခင်းကျောင်း ဆောင်ဖြစ်ပြီး (၁၉၉၃)ခုနှစ်တွင် တည်ဆောက်ခဲ့ပါသည်။ ကျောင်းဆောင်အကျယ်အဝန်းမှာ အ

ဆောင်(၁)ပင်မအဆောင်မှာ (၁၈၀'x၃၀')တစ်ထပ်တိုက်၊ အဆောင်(၂)မှာ (၉၀'x၃၀')၊အဆောင် (၃)မှာ (၁၂၀'x၃၀') ဆောက်လုပ်ဆဲကျောင်းဆောင်သစ်၊ ဝန်ထမ်းအဆောင်သစ်ဆောင် (၈၀'x၂၅')၊ စုစုပေါင်းအဆောင်(၃)ဆောင်ဖြစ်ပြီး ကျောင်းသားအိမ်သာတိုက်ခန်း(၄)ခန်းတွဲနှင့် (၅)ခန်းတွဲ(၂)ဆောင်တို့ရှိ၍ ကျောင်းဆရာ၊ ကျောင်းဆရာမပေါင်းမှာ ဆရာ(၆)ဦး၊ ဆရာမ( ၁၆ ) ဦး ရှိပါသည်။ ကျောင်းလုပ်သားကျား(၁)ဦး၊ စာရေး ကျား(၁)ဦး၊ ရေသန့် မ(၁)ဦး၊ စာရေး မ(၁)ဦးနှင့် ရွာမှ (၁၀)တန်းအောင် အကူဆရာမ မ(၁)ဦးလည်းရှိပါသည်။ မဟာသာ(ရှေ့) ကျေးရွာတွင် ရွာခံဆရာဆရာမ(၄)ဦး၊ မူလတန်းပညာရေးတွင် ကျား(၃၁)ဦး၊ မ(၁၉)ဦး၊ အလယ်တန်းပညာ ရေးတွင် ကျား(၂၄)ဦး၊ မ(၂၆)ဦး၊ အထက်တန်းပညာရေးတွင် ကျား(၄)ဦး၊ မ(၁၃)ဦး၊ တက္ကသိုလ် ပညာရေးတွင် ကျား(၄)ဦး၊ မ(၈)ဦးနှင့် အခြားဒေသတွင် တာဝန်ထမ်းဆောင် နေသော ဆရာ(၁)ဦး၊ ဆရာမ(၂)ဦး ရှိပါသည်။



မဟာသာ(ရှေ့)ကျေးရွာတွင် ပညာရေးကဏ္ဍ၌ မိဘဆရာအသင်းဖွဲ့စည်းထားရှိပြီး ကျေးရွာ ရပ်မိရပ်ဖများနှင့် ကျေးရွာသူကျေးရွာသားများပူးပေါင်း၍ဆောင်ရွက်သောကြောင့် ပညာရေး အတွက် အခက်အခဲမရှိသလောက်လုပ်ဆောင်နိုင်ပါသည်။ ကျောင်းသားကျောင်းသူဦးရေ တိုးတက် စေရန်နှင့် စာတတ်မြောက်မှုနှုန်းမြင့်မားစေရန်မှာ ကျေးရွာ၏ စီးပွားရေးတိုးတက်မှုပေါ်မူတည်နေ ပါသည်။ ကျောင်းတော်ကြီးတွင် စာရေးခုံ၊ စားပွဲ၊ ကုလားထိုင်၊ ကျောက်သင်ပုန်း အစရှိသည်တို့ ဖြည့်တင်းဆောင်ရွက်ရန် လိုအပ်နေပါသည်။ ကျောင်းအုပ်ကြီးရုံးခန်းမရှိသေးခြင်း၊ အ.ထ.က(ခွဲ) အသစ်ဖြစ်သောကြောင့် အဘက်ဘက်လိုအပ်ချက်များစွာရှိနေပါသည်။

ကျေးရွာတွင် ပန်းရံ၊ လက်သမား၊ တောင်းယက်၊ သင်ဖျာယက်လုပ်ခြင်းလုပ်ငန်းများ ရှိသော် လည်း လူနည်းစုသာ လုပ်ကိုင်ကြပြီး လူငယ်လူရွယ်များသည် အလုပ်အကိုင်အခွင့်အလမ်းရရှိအောင် အမျိုးသားများအား ဆိုင်ကယ်ပြင်၊ စက်ပြင်၊ ကားမောင်းသင်တန်းများနှင့် အမျိုးသမီးများမှာ အပ်ချုပ်စက်သင်တန်းများ တက်ရောက်သင်ကြားတတ်ကျွမ်းလိုကြသည်။

**(စ)ကျန်းမာရေး**

မဟာသာ(ရှေ့)ကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ မဟာသာ(ရှေ့)ကျေးလက်ဆေး ပေးခန်းရှိသော်လည်း ဆေးပေးခန်းပုံစံမကျ၊ အိုဟောင်းနေပါသည်။ ကော့ကပ်တိုက်နယ်ဆေးရုံ၊ ရှားခဲတိုက်နယ်ဆေးရုံများတွင် ဝန်ဆောင်မှုရရှိပြီး ကုတင်လုံလောက်မှုအနည်းငယ်ရှိပါသည်။

ကျေးရွာသည် ကိုယ်ပိုင်တုံကင်တွင်းကိုအများဆုံးအသုံးပြုပြီး ရေတုံကင်မရှိသူများမှာအများ ရေတုံကင်ကိုသာ မှီသုံးစွဲရပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ယင်ကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။ ကျောင်းအိမ်သာမှာ လည်း စနစ်တကျဆောက်လုပ်ထားပြီး အသုံးပြုရန် လွယ်ကူပါသည်။

ကျေးရွာတွင်မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ်အို(၆၄)နှစ်အထက် (၄)ဦး နှင့် ဆင်းရဲ၍ မိသားစုဦးရေများပြားသည့် အိမ်ထောင်စု(၃)စုရှိသော်လည်း ဆိုးဆိုးရွားရွားထိခိုက် နိုင်သည့် အခြေအနေမျိုးမရှိပါ။ ကျေးရွာတွင် တီဘီရောဂါဖြစ်ပွားသူအိမ်ထောင်စု(၃)စုရှိပါသည်။ ကျောင်းမနေသူမွေးရာပါအရိုးပျော့ရောဂါသည်မ(၁)ဦး၊ ကျား(၃)ဦး၊ စွံ့အနားမကြားသူ ကျား(၁)ဦး ရှိပါသည်။ ထိုသူများအတွက် ကျေးရွာမှ ပူးပေါင်း၍ သီးသန့်ထောက်ပံ့မှုအစီအစဉ်မျိုးမရှိပါကြောင်း တွေ့ရှိရပါသည်။

ကျေးရွာတွင် စုပေါင်းကာကွယ်ဆေးအနေဖြင့် ဆင်ခြေထောက်ရောဂါကာကွယ်ဆေးထိုးနှံမှုများရှိပါသည်။ အ.ထ.က(ခွဲ)ကျောင်းမှာလည်း ကျေးရွာအလှူရှင်များ၊ ကျောင်းသားမိဘများ၊ ဆရာ/ဆရာမများ၊ အလှူရှင်ရှိပါကလည်း အာဟာရတိုက်ကျွေးမှုများရှိပါသည်။ ကျေးရွာသူကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာအတွင်းတွင်လည်း ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် (၃)မိုင်ခန့်အကွာရှိ ကော့ကပ်တိုက်နယ်ဆေးရုံ၊ (၁၀)မိုင်ခန့်အကွာ ဇလွန်မြို့နယ်ပြည်သူ့ဆေးရုံ၊ ရှားခဲတိုက်နယ်ဆေးရုံများသို့ ထော်လာဂျီ၊ ဆိုင်ကယ်၊ ကားတို့ဖြင့် လွယ်ကူစွာသွားရောက်ကုသနိုင်ပါသည်။ ကျေးရွာတွင် ဝမ်းပျက်၊ ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ အစာအိမ်ရောဂါ၊ နှလုံးရောဂါ၊ တီဘီရောဂါ စသည့်ရောဂါများဖြစ်ပွားမှု အသင့်အတင့်ရှိပါသည်။



**(ဆ)ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

မဟာသာ(ရှေ့)ကျေးရွာတွင် မိုးစပါး၊ နွေစပါး၊ မတ်ပဲနှင့် ဥ ယျာဉ်ခြံမြေတို့ရှိ စိုက်ပျိုးပင် များတွင် ဖျက်ပိုးအစုံတို့ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှု များပြားကာ မြေဆီလွှာအရည်အသွေးများ ကျဆင်းလာနိုင်ပါသည်။ လေထုညစ်ညမ်းမှုများဖြစ် ပေါ်စေနိုင်ပါသည်။ တောင်သူများအနေနှင့် ဘက်စုံ ပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေး များကိုသာ ပိုမိုသုံးစွဲကြသည်။ စွန့်ပစ်ပစ္စည်းစီမံ ခန့်ခွဲမှုအပိုင်းတွင်လည်း သုံးစွဲပြီးသောဓါတု ဆေးဗူးခွံများ၊ ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံနှင့် ပိုးသတ်ဆေးဗူးခွံ အစရှိသည်တို့ကို စနစ်တကျ စွန့်ပစ်ခြင်းမရှိကြသဖြင့် ရေထု၊ လေထုနှင့် သက်ရှိများ အသက်အန္တရာယ်များထိခိုက်နိုင်သဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်ပါသည်။

**(ဇ)ကျား – မ ရေးရာ**

မဟာသာ(ရှေ့)ကျေးရွာတွင် ကျားနှင့်မအကြား ဆက်ဆံရေး အဆင်ပြေပါသည်။ အကြမ်းဖက်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရှိပါ။ ကျေးရွာအတွင်းအမျိုးသား လုပ်အားခ နှုန်းထား(၅၀၀၀ကျပ်)နှင့် အမျိုးသမီးလုပ်အားခနှုန်းထား(၃၀၀၀ကျပ်)ဖြစ်ပါသည်။ လုပ်အားခ ကွာခြားချက်မှာ အမျိုးသမီး၊ အမျိုးသားလုပ်အားခ စိုက်ထုတ်မှုပေါ်မူတည်၍ ကွာခြားခြင်း ရှိပါသည်။ပညာသင်ကြားရေးတွင်လည်းအမျိုးသား၊အမျိုးသမီးကွာခြားမှုမရှိလှပေ။

## ၅။ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *လမ်းပန်းဆက်သွယ်ရေး* | | | | | |
| | ၁။ ကျေးရွာတွင်းလမ်းအားချောင်းကျောက်အဆင့်မြှင့်တင်ခြင်း | ၁၀၀ | ၁ | - ကျေးရွာတွင်းလမ်း(၇၀၀၀'x၁၂' )မြေသားလမ်းပေါ်တွင်(၁ပေခွဲအကျယ်၊ ၄လက်မထု)ဖြင့်ကွန်ကရစ်လမ်းခင်းပြီးဖြစ်ရာ ကျန်ရှိနေသောမြေသားလမ်းပေအကျယ်အားချောင်းကျောက်အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း | ကျေးလက်ဦးစီး |
| *ကျန်းမာရေး* | | | | | |
| | ၂။ ကျေးရွာ၏လက်ရှိကျေးလက်ကျန်းမာရေးဆိုင်ရာအဆောက်အဦနှင့် အသုံးအဆောင်ပစ္စည်းများအား ပြည့်စုံစွာပံ့ပိုးခြင်း | ၈၃ | ၂ | – ကျေးလက်ဆေးပေးခန်းရှိသော်လည်း ဆေးပေးခန်းပုံစံမကျ၊ အိုဟောင်းနေပြီး ကျန်းမာရေး ပစ္စည်းများစုံလင်စွာ မရှိသောကြောင့် ပြည့်စုံစွာပံ့ပိုးဆောင်ရွက်ခြင်း | ကျန်းမာရေး |
| *မီးလင်းရေး* | | | | | |
| | ၃။ မဟာဓါတ်အားလိုင်းဖြင့်ကျေးရွာမီးလင်းရေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ၈၁ | ၃ | – မဟာဓါတ်အားလိုင်းဖြင့် ကျေးရွာမီးလင်းရေးအကောင်အထည်ဖော် ဆောင်ရွက်ခြင်း | လျှပ်စစ် |

| | | | | | |
|---|---|---|---|---|---|
| **စိုက်ပျိုးရေး** | | | | | |
| | ၄။ စိုက်ပျိုးရေးနည်းပညာ ရရှိ အသုံးပြုမှုတိုးတက်အောင် ဆောင်ရွက်ခြင်း | ၇၈ | ၄ | -အရေးကြီးသည့်သွင်းအား စုများလက်လှမ်းမီအောင် ချိတ်ဆက်ခြင်း<br>-မျိုးကောင်းမျိုးသန့်စုပေါင်း ဝယ်ယူရန် စီစဉ်ဆောင် ရွက်ခြင်း<br>-ရေသုံးစွဲသူအစုအဖွဲ့ဖွဲ့၍ ရေသွင်းခြင်းဆိုင်ရာ တည်ဆောက်ရေး၊ ပြုပြင် ထိန်းသိမ်းရေးနှင့် စနစ် တကျသုံးစွဲရေးအတွက် ဆည်မြောင်းဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | စိုက်ပျိုးရေ း |
| ***ပညာရေး*** | | | | | |
| | ၅။ ကျောင်းအဆောက်အဦ၊ ပရိဘောဂနှင့်သင်ထောက် ကူပစ္စည်းများပံ့ပိုးခြင်း | ၆၅ | ၅ | – ကျောင်းအဆောက်အဦ၊ ပရိဘောဂနှင့်သင်ထောက် ကူပစ္စည်းများပံ့ပိုးခြင်း<br>-သီချင်းဆိုပြိုင်ပွဲ၊ပန်းချီပြိုင် ပွဲ၊ပုံပြောပြိုင်ပွဲစသည့် အရည်အသွေးတက်စေ သည့်ပြိုင်ပွဲများကျင်းပ ခြင်း | ပညာရေး |
| ***မွေးမြူရေး*** | | | | | |
| | ၆။ ခေတ်မီမွေးမြူရေးစနစ် များနှင့် ရောဂါကာကွယ် ဆေးထိုးရေး အစီအစဉ်များ အကောင် အထည်ဖော် ဆောင်ရွက်ခြင်း | ၃၇ | ၆ | – ခေတ်မီမွေးမြူရေးစနစ် များနှင့် ရောဂါကာကွယ် ဆေးထိုးရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | မွေး/ကု |

| | | | | | |
|---|---|---|---|---|---|
| ***စိုက်/မွေးမဟာ<br>တ်သောအုပ်စု*** | ၇။အလုပ်အကိုင်၊အခွင့်အလမ်းများဖော်ထုတ်နိုင်ရန်မူဝါဒဆိုင်ရာပံ့ပိုးမှုတင်ပြတောင်းဆိုခြင်း | ၃၆ | ၇ | • နိုင်ငံရပ်ခြားသို့ကျွမ်းကျင် မှုတစ်ရပ်ဖြင့်သွားရောက်လုပ်ကိုင် နိုင်ရေးအတွက် ဖန်တီးပေးခြင်း၊အလုပ်အကိုင်၊အခွင့်အလမ်းများဖော်ထုတ်နိုင်ရန် တင်ပြတောင်းဆိုခြင်း | ကျေးလက် |

## မဟာသာအုပ်စု၊ မဟာသာ(ရှေ့)ကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **လမ်းပန်းဆက်သွယ်ရေး** | | | | | |
| | • ရွာတွင်းလမ်း ရာသီမရွေး ကုန်ထုတ်ယာဉ်များ မသွားလာနိုင်ခြင်း | • လက်ရှိခင်းထားသော ကွန်ကရစ်လမ်းပေ အကျယ်ကျဉ်း ခြင်း | • ကျေးရွာထည့်ဝင်ငွေကျပ်သိန်း (၉၆၀၀၀၀၀) ကျော်ရှိနေခြင်း<br>• လုပ်အားပံ့ပိုး နိုင်ခြင်း | | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ ရာသီမရွေး ဆက်သွယ်သွားလာနိုင်စေရေး အဆင့်မြှင့်တင် ဆောင်ရွက်ခြင်း | လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း |
| ၂ | **ကျန်းမာရေး** | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | • ကျန်းမာရေးဆိုင်ရာအသိအားနည်းခြင်း<br>• ရာသီအလိုက်ဖြစ်သောရောဂါများရှိခြင်း<br>• ကိုယ်ဝန်ဆောင်အမျိုးသမီးများဆိုင်ရာရောဂါများဖြစ်ခြင်း | • ကာကွယ်ဆေးမထိုးခြင်း<br>• အခြေခံပညာအားနည်းခြင်း | • ကျေးလက်ဆေးပေးခန်းရှိခြင်း | • ကျေးလက်ဆေးပေးခန်းရှိသော်လည်း ဆေးပေးခန်းပုံစံမကျအိုဟောင်းနေခြင်း<br>• ကျန်းမာရေးပစ္စည်းများ စုံလင်စွာမရှိခြင်း | • ကျန်းမာရေးဆိုင်ရာအဆောက်အဦ၊ပစ္စည်းကိရိယာများပြည့်စုံစွာဖြည့်စွက်ခြင်း<br>ရာသီအလိုက်အဖြစ်များသောရောဂါများကိုကြိုတင်နှိုးဆော်ကာကွယ်မှုများဆောင်ရွက်ခြင်း | • ကျန်းမာရေးအကျိုးတော်ဆောင်အဖွဲ့ဖွဲ့၍ ရာသီအလိုက်အဖြစ်များသောရောဂါများကြိုတင်ကာကွယ်နှိုးဆော်ခြင်းများပြုလုပ်ခြင်း<br>ကျေးလက်ကျန်းမာရေးဆိုင်ရာအဆောက်အဦနှင့်အသုံးအဆောင်ပစ္စည်းများတောင်းဆိုခြင်း |
| ၃ | မီးလင်းရေး | | | | | |
| | • လျှပ်စစ်မီးမရရှိခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | | | • ကျေးလက်ဦးစီးဌာန၊ လျှပ်စစ်ဦးစီးဌာနတို့ နှင့်ချိတ်ဆက်၍ တင်ပြတောင်းခံခြင်း | • မဟာဓါတ်အားလိုင်းဖြင့်ကျေးရွာမီးလင်းရေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၄ | **စိုက်ပျိုးရေး** | | | | | |
| | • မျိုးကောင်းမျိုးသန့် မစိုက်ကြခြင်း<br>• ပိုးနှင့်ရောဂါကျ ခြင်း<br>• ရေမလုံလောက် ခြင်းမြေဆီသြဇာညံ့ ခြင်း | • မျိုးသန့်ပွားနည်းပညာ မသိရှိခြင်း<br>• မိုးမမှန်ခြင်း<br>• နွားချေး၊ မြေဆွေးလုံ လောက်စွာမထည့်နိုင် ခြင်း<br>• သီးနှံတစ်မျိုးတည်းနှစ် စဉ်စိုက်ပျိုးခြင်း<br>• ဓါတ်မြေသြဇာမဆင် မခြင်သုံးစွဲခြင်း | • | • | • ဝန်ဆောင်မှုပြည့်ဝစွာရရှိ ရန်စိုက်ပျိုးရေးဌာန၊ ပုဂ္ဂလိကအဖွဲ့အစည်း များနှင့်ချိတ်ဆက်ဆောင် ရွက်ခြင်း<br>• မြို့နယ်အဖွဲ့အစည်းများ ၏ အကူအညီဖြင့်ရေရရှိ ရေး၊ အရေးကြီးသည့် သွင်းအားစုများလက် လှမ်းမီရေးချိတ်ဆက် ဆောင်ရွက်ခြင်း | • အရေးကြီးသည့်သွင်းအား စုများလက်လှမ်းမီအောင် ချိတ်ဆက်ခြင်း<br>• မျိုးကောင်းမျိုးသန့်စုပေါင်း ဝယ်ယူရန် စီစဉ်ဆောင် ရွက်ခြင်း<br>• ရေသုံးစွဲသူအစုအဖွဲ့ဖွဲ့၍ ရေသွင်းခြင်းဆိုင်ရာ တည်ဆောက်ရေး၊ ပြုပြင် ထိန်းသိမ်းရေးနှင့် စနစ် တကျသုံးစွဲရေးအတွက် ဆည်မြောင်းဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း |
| ၅ | ပညာရေး | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | • ကျောင်းအဆောက်အဦ၊ပရိဘောဂနှင့်သင်ထောက်ကူပစ္စည်းများမလုံလောက်ခြင်း<br>• ကျောင်းစာပြင်ပဖွံ့ဖြိုးရေးလှုပ်ရှားမှုများအားနည်းခြင်း | • ကျောင်းသားဦးရေတိုးပွားလာခြင်း<br>• ကျောင်းအဆောက်အဦ ဟောင်းနွမ်းယိုယွင်းလာခြင်း | • | • | • မိဘဆရာအသင်းနှင့်ပညာရေးဌာနတို့ချိတ်ဆက်၍ လိုအပ်ချက်များတင်ပြတောင်းဆိုခြင်း<br>• ကျောင်းစာပြင်ပဖွံ့ဖြိုးရေးလှုပ်ရှားမှုများဖန်တီးပေးခြင်း | • ကျောင်းအဆောက်အဦ၊ပရိဘောဂနှင့်သင်ထောက်ကူပစ္စည်းများပံ့ပိုးခြင်း<br>• သီချင်းဆိုပြိုင်ပွဲ၊ပန်းချီပြိုင်ပွဲ၊ပုံပြောပြိုင်ပွဲစသည့်အရည်အသွေးတက်စေသည့်ပြိုင်ပွဲများကျင်းပခြင်း |
| ၆ | **မွေးမြူရေး** | | | | | |
| | • မွေးမြူရေးနည်းပညာအားနည်းခြင်း<br>• ရောဂါကျခြင်း | • ခြံသန့်ရှင်းရေးအားနည်းခြင်း<br>• ကာကွယ်ဆေးပုံမှန်မထိုးခြင်း | • | • | • မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊လုပ်ငန်းရှင်များနှင့်ချိတ်ဆက်၍ မျိုးကောင်းမျိုးသန့်များရရှိရန်ဆောင်ရွက်ခြင်း | • ခေတ်မီမွေးမြူရေးစနစ်များနှင့် ရောဂါကာကွယ်ဆေးထိုးရေးအစီအစဉ်များအကောင်အထည်ဖော်ဆောင်ရွက်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၇ | စိုက်ပျိုးရေး/မွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ | | | | | |
| | • အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း | • ဒေသတွင်းစက်ရုံ၊အလုပ်ရုံမရှိခြင်း<br>• ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာအတတ်ပညာနှင့်ကျွမ်းကျင်မှုအားနည်းခြင်း | • | • | • မြို့နယ်မှတစ်ဆင့်ပြည်ထောင်စုအဆင့်သို့ မူဝါဒဆိုင်ရာပံ့ပိုးရန်တင်ပြတောင်းဆိုခြင်း | • နိုင်ငံရပ်ခြားသို့ကျွမ်းကျင်မှုတစ်ရပ်ဖြင့်သွားရောက်လုပ်ကိုင်နိုင်ရေးအတွက်ဖန်တီးပေးခြင်း<br>• အလုပ်အကိုင်၊အခွင့်အလမ်းများဖော်ထုတ်နိုင်ရန် မူဝါဒဆိုင်ရာပံ့ပိုးမှုတင်ပြတောင်းဆိုခြင်း |

**ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | | ၄ | ၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၃ | ၁၅ | ၂၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၁ | ၁၉ | ၅၀ |
| ၁၀ နှစ်မှ ၁၄နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၈ | ၂၈ | ၅၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၃၃ | ၂၃၁ | ၄၆၄ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၆ | ၃၅ | ၆၁ |
| **စုစုပေါင်း** | | **၃၃၁** | **၃၃၂** | **၆၆၃** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၆၇** | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။မဟာသာကျေးရွာအုပ်စု၊မဟာသာအရှေ့ပိုင်းကျေးရွာတွင်အိမ်ခြေစုစုပေါင်း (၁၆၇)လုံးရှိပြီးလူဦးရေစုစုပေါင်း(၆၆၃)ဦးရှိပါသည်။အမျိုးသားဦးရေ(၅၀)%၊အမျိုးသမီးဦးရေ(၅၀)% ရှိသဖြင့် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေနှင့် တန်းတူဖြစ်သည်။ မူလတန်းနှင့် အလယ်တန်း ကျောင်းနေအရွယ် ကျောင်းသား/ကျောင်းသူ(၁၆)%ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်(၁၅နှစ်မှ ၆၄နှစ်အထိ)(၇၀)% ရှိပါသည်။ ထို့ကြောင့်လုပ်သားအင်အားများပြားပါသည်။ သက်ကြီးရွယ်အိုအရေ အတွက် (၉)%ရှိပြီး အသက်(၈၀) နှစ်အထက် အသက်ရှည်သူများဖြစ်ကြပါသည်။

**(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ**

**ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၃၈၄.၇၅ | သင့် | ရေရရှိပါသည် | ချောင်း၊မြေအောက်ရေ |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | ၈.၃၅ | သင့် | ရေရရှိပါသည် | ချောင်း၊မြေအောက်ရေ |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| စုစုပေါင်း | ၃၉၃.၁၀ | သင့် | ရေရရှိပါသည် | ချောင်း၊မြေအောက်ရေ |



ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ဇလွန်မြို့နယ်မဟာသာကျေးရွာအုပ်စု၊မဟာသာအရှေ့ပိုင်းကျေးရွာတွင် စိုက်ပျိုးနိုင်သောလယ်ယာမြေဧက(၃၈၄.၇၅)ဧကရှိပြီး၊ဥယျာဉ်ခြံမြေဧက(၈.၃၅)ဧကရှိပါသည်။မြေဆီလွှာအမျိုးအစားအနေဖြင့်အသင့်အတင့်ကောင်းမွန်ပါသည်။ စိုက်ပျိုးသီးနှံအောင်မြင်မှုအတွက် မြေအောက်ရေ၊ချောင်းရေများဖြင့်စိုက်ပျိုးလျှက်ရှိပြီး လုံလောက်မှုရှိပါသည်။ လယ်မြေ တွင် မိုးစပါး၊နွေစပါး၊မတ်ပဲတို့ကို စိုက်ပျိုးကြပါသည်။ ခြံမြေပေါ်တွင် ကွမ်းကိုအဓိကထား၍ တစ်ခြားရာသီပင်များလည်း စိုက်ပျိုးကြပါသည်။ မြေဆီမြေသြဇာမှာ သင့်တင့်ကောင်းမွန်မှုရှိပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | လွယ် |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | မရှိ | လွယ် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | မရှိ | လွယ် |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | နည်း | လွယ် |
| ပျှမ်းမျှအပူချိန် – ၂၉ဒီဂရီ၊စင်တီဂရိတ် | ပျှမ်းမျှ မိုးရေချိန် – | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ဇလွန်မြို့နယ်မဟာသာကျေးရွာအုပ်စုတွင် ဓါတ်သတ္တုနှင့်အခြားသဘာဝ အရင်းအမြစ်များရရှိနိုင်မှုရှားပါးပြီး လူနှင့်တိရိစ္ဆာန်တို့အတွက် အသုံးဝင်သောအပင်မျိုးစိတ်များ အသင့်အတင့်ရှိပါသည်။



(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | လယ်သမားအဖွဲ့အစည်း | ၁☑ ၂☐ ၃☐ | ပညာရေး ☑ ငွေကြေး ☑<br>ကျန်းမာရေး ☑ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | လယ်သမား(၆၅)ဦးရှိပါသည်။ကျန်းမာရေး၊ပညာရေး၊စီးပွားရေး၊စောင့်ရှောက်မှုများရှိပါသည်။ |
| ၂ | အရံမီးသတ် | ၁☐ ၂☐ ၃☑ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☑ | အရံမီးသတ်တပ်ဖွဲ့ဝင်(၅)ဦးရှိပါသည်။မီးဘေးအန္တရာယ်များကိုသတိပေးမှုရှိပါသည်။ |
| ၃ | မဟာသြဘာ | ၁☐ ၂☐ ၃☑ | ပညာရေး ☐ ငွေကြေး ☑<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ | ကျေးရွာလယ်သမားများကိုစိုက်ပျိုးရေးစရိတ်ထုတ်ချေးခြင်းဖြင့်ပံ့ပိုးကူညီပါသည်။ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၄ | အမျိုးသမီးရေးရာ | ၁☐ ၂☐ ၃☑ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ရပ်ရွာအတွင်းမှ အဖွဲ့အစည်းတစ်ခုအနေနှင့်အမျိုးသမီးတာဝန်များအနည်းငယ်ဆောင်ရွက်မှုရှိပါသည်။ |
| ၅ | ဓမ္မပီယ | ၁☐ ၂☐ ၃☑ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ဓမ္မပီယအဖွဲ့အစည်းအနေဖြင့်ကျား၊မဦးေ◌(၃၀)ခန့်ရှိပါသည်။အကျွေးအမွေးဝင်ဧည့်ခံတာဝန်ယူပါသည်။ |
| ၆ | ဓမ္မစကူး | ၁☐ ၂☑ ၃☐ | ပညာရေး ☑ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ဓမ္မစကူးဆရာများနှင့်အလှူရှင်ကော်မတီများမှ ရပ်ရွာအကျိုးများဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ဇလွန်မြို့နယ်မဟာသာကျေးရွာအုပ်စု၊ မဟာသာအရှေ့ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်းများအနည်းငယ်ရှိပါသည်။ အရံမီးသတ်အဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ ဓမ္မပီယအဖွဲ့၊ ဓမ္မစကူးအဖွဲ့တို့ရှိပါသည်။ ကျေးရွာသည် အဖွဲ့အစည်းများနှင့် ဖွဲ့စည်း ဆောင်ရွက်မှုစွမ်းရည်ကောင်းမွန်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ဧကအထက် | ၅ဧကအောက် | မြေယာမဲ့ | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက် | သွပ်မိုး၊ပျဉ်ထောင် | ဝါးအိမ်၊သွပ်မိုး | ဝါးအိမ်၊ဓနိမိုး |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | လယ်ယာသုံးစက်များ | - | - | - |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်၊ အရောင်းအဝယ် | လယ်၊ ခြံ | ကျပန်း၊ မွေးမြူရေး | ကျပန်း၊ မွေးမြူရေး |
| အိမ်ထောင်စု | ၇ | ၅၉ | ၆၀ | ၄၁ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။ ဇလွန်မြို့နယ်၊ မဟာသာကျေးရွာအုပ်စု၊ မဟာသာအရှေ့ကျေးရွာတွင်အိမ်ခြေ(၁၆၇)လုံးရှိပါသည်။အဆင်ပြေသော အိမ်ထောင်စုမှာနည်းပြီးမပြေလည်သောအိမ်ထောင်စုကပိုများပါသည်။ ကိုယ်ပိုင်အလုပ်ရှိသောပြေလည်သောမိသားစုနှင့် အလုပ်အကိုင်ရှားပြီး ငွေရှာလုပ်ကိုင်ရသောကြောင့် မပြေလည်သောမိသားစုများပါသည်။ **မြေယာမဲ့ အိမ်ထောင်စုများပြားနေပြီး ကျပန်းအလုပ်သမားများပေါ်များနေကြောင်း တွေ့ရှိရ၍ အလုပ်အကိုင်အခွင့်**



**အလမ်းများ ပေါ်ပေါက်လာရန် စီမံဆောင်ရွက်ဖို့ အလွန်အရေးကြီး ကြောင်းလေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၇)အိမ်(၄)%** သာရှိပြီး **လယ်လုပ်ငန်းနှင့် အရောင်း အဝယ်တို့ဖြင့် အဓိကအသက်မွေးသူများဖြစ်ကြပါသည်။ အလယ်အလတ်ရှိ အိမ်ထောင်စု(၅၉)အိမ်** (၃၅)%ရှိပြီး လယ်နှင့်ခြံလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ **မပြေလည်သော အိမ်ထောင်စု** (၆၀)အိမ်(၃၆)%**ရှိပြီး တစ်ပိုင်တစ်နိုင်မွေးမြူရေးနှင့် နေ့စားကျပန်းအလုပ်ကို အဓိကထားလုပ်ကိုင် ပါသည်။ အလွန်မပြေလည်သောအိမ်ထောင်စု(၄၁)အိမ်(၂၅)%ရှိပြီး နေ့စားကျပန်းနှင့် မွေးမြူရေး လုပ်ငန်းတို့ကို အဓိကထားလုပ်ကိုင်ကြပါသည်။ ကျေးရွာမှ ထူးထူးခြားခြားအသက်မွေးလုပ်ကိုင်သူ မရှိကြောင်း**

လေ့လာတွေ့ရှိရပါသည်။

## (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၆)** ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၉၅ | ၅၇% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက်(၁ ဟတ် တာထိ) | ၁၄ | ၈% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ၅ကေထိ(၂ဟတ်တာထိ) | ၂၉ | ၁၇% | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား ( ၅ဟတ်တာထိ) | ၂၆ | ၁၆% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်) | ၃ | ၂% | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၁၆၇ | ၁၀၀% | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။** ။ဇလွန်မြို့နယ်၊မဟာသာကျေးရွာအုပ်စု၊ မဟာသာအရှေ့ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စု(၅၇)%ခန့်ရှိပါသည်။ မြေယာပိုင်ဆိုင်မှုအရ ဆင်းရဲသားတောင်သူအုပ်စုများပြီး တောင်သူကြီးနည်းပါသည်။ မြေယာမဲ့အိမ်ထောင်စုများခြင်းကြောင့် ကျေးလက်နေပြည်သူများ အလုပ်နှင့်မမျှတဘဲအလုပ်အကိုင်ရှားပါသည်။ အခြားကိုယ်ပိုင်အလုပ်ဖန်တီးနိုင်မှုအားနည်း၍ကျေးရွာသည်ဖွံ့ဖြိုးမှုနှောင့်နှေးပါသည်။



### (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| နွေစပါး | ၂၂၀ | တင်း | ၇၀ | ၁၅၀ | ၁၁၀ | သင့် |
| မိုးစပါး | ၆၆၃ | တင်း | ၃၀ | ၈၀ | ၅၅ | သင့် |
| မတ်ပဲ | ၄၄၃ | တင်း | ၅ | ၁၅ | ၁၀ | သင့် |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ဇလွန်မြို့နယ်၊မဟာသာကျေးရွာအုပ်စု၊ မဟာသာအရှေ့ကျေးရွာသည်စိုက်ပျိုးသီးနှံများမှာစပါးနှင့်ပဲဖြစ်ပါသည်။ စပါးကိုမိုးစပါး၊နွေစပါးဟူ၍စိုက်ပျိုးပြီး မတ်ပဲကို နွေရာသီ တွင်စိုက်ပျိုးပါသည်။ အထွက်နှုန်းမှာသွင်းအားစုထည့်သွင်းနိုင်သောတောင်သူကြီးများမှာအထွက်ကောင်းကြသော်လည်းသွင်းအားစုထည့်သွင်းမှုနည်းသောတောင်သူများမှာတော့အထွက်နှုန်းနည်းပါသည်။ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာအသိနည်းပါးပြီး သမရိုးကျစိုက်ပျိုးနည်းကြောင့် တောင်သူများအတွက် အထွက်နှုန်းနည်းပါးရခြင်းဖြစ်ပါသည်။ ပိုးမွှားရောဂါကာကွယ်မှုများမှာလည်း နည်းပညာနည်းပါးမှုကြောင့် ထုတ်ကုန်အရည်အသွေးနှင့် အထွက်နှုန်းနည်းပါးရခြင်းဖြစ်ပါသည်။ ကျေးရွာတွင် ခိုင်းနွားများမရှိသလောက်နည်းပါးနေပြီဖြစ်၍ သဘာဝမြေဩဇာဖြစ်သော နွားချေး၊ မြေဆွေးများအား လုံလောက်စွာမထည့်နိုင်ခြင်းနှင့် ဓါတ်မြေဩဇာ မဆင်မခြင်သုံးစွဲခြင်း၊ သီးနှံမျိုးတစ်မျိုးတည်းနှစ်စဉ်စိုက်ပျိုးခြင်းတို့ကြောင့်လည်း အထွက်နှုန်းသင့်တင့်မျှတရုံထွက်ခြင်း ဖြစ်ပါသည်။



## (၄.၃) မွေးမြူရေးလုပ်ငန်း

**ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၂ | ၅ |
| **နို့စားနွား** | | |
| **ကျွဲ** | | |
| **မြင်း** | ၂ | ၂ |
| မြည်း | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၆၉ | ၁၆၅ |
| ကြက် | ၉၈ | ၁၆၈၂ |
| ဘဲ | ၅ | ၁၃၉ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | ၆ | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ။ကျေးရွာတွင် စက်မှုလယ်ယာများထွန်းကားလာသဖြင့် နွားမွေးမြူမှု မှာ မရှိ သလောက်နည်းပါးသွားပါသည်။ ဝက်၊ကြက်များကို တစ်ပိုင်တစ်နိုင် အိမ်ထောင်စုတော်တော် များ များမွေးမြူကြပါသည်။ အထွက်တိုးကြီးပွားစေသောအစားအစာ၊ နည်းပညာကာကွယ်မှုအားနည်းပြီး မိရိုးဖလာ မွေးမြူနည်းများအတိုင်းသာ မွေးမြူကြပါသည်။ ငါးမွေးမြူရေးလုပ်ငန်းတွင် ငါးကန်ပေါင်း (၆)ကန် ရှိပါသည်။ ကျေးရွာတွင်နွားမွေးမြူသူအိမ်ထောင်စု(၂)အိမ်(၁)%၊ မြင်းမွေးမြူသော အိမ်ထောင်စု(၂)အိမ်(၁)%၊ ဝက်မွေးမြူသူ အိမ်ထောင်စု(၆၉)အိမ်(၄၁)%၊ ကြက်မွေးမြူသူအိမ်ထောင်စု (၉၈)အိမ်(၅၉)%၊ ဘဲမွေးမြူသူ အိမ်ထောင်စု (၅)အိမ်(၃)%ရှိပါသည်။

### (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ် | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ | ၃ | ၁၄ | ၅၆ | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | ၂ | ၃ | ၈ | လတ် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊အလှပြင်၊ အပ်ချုပ်၊အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၈ | ၁၀ | ၂၀ | လတ် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၂ | ၃ | ၆ | လတ် |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး/ကျောင်းဆရာ | ၁ | ၈ | ၉ | လတ် |
| ၁၃ | ကျန်းမာရေး | ၁ | ၁ | | လတ် |

| | | | | | |
|---|---|---|---|---|---|
| ၁၄ | လူမှုရေး လုပ်ငန်းများ | ၂ | ၃၀ | | လတ် |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ - ၆၇ဦး | | | | |



**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ မဟာသာကျေးရွာအုပ်စု၊ မဟာသာကျေးရွာအရှေ့ပိုင်းကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး သမားများမဟုတ်သော စီးပွားရေးလုပ်ငန်းရှင်မျိုးစုံရှိပါသည်။ ပန်းရံ၊ ဆောက်လုပ်ရေးလုပ်ငန်း၊လက်သမား၊ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍများတွင် မိသားစု၏ လုပ်ငန်းကိုသာမှီခိုကြ၍ စီးပွား ရေးအရ အလယ်အလတ်သာရှိပါသည်။ အစိုးရဝန်ထမ်းများက အနည်းငယ်အဆင်ပြေမှုရှိသော်လည်း မကွာလှပေ။ တခြားလူမှုရေးလုပ်ငန်းများတွင် ခုံငှား၊ ဘောက်ငှားသမားများနှင့် ခေါင်းရွက်ဗျတ်ထိုး ဈေးသည်များ၊ အိမ်ဆိုင်ငယ်များဖြင့် အရောင်းအဝယ်သမားများလည်းရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး<br>(အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက်<br>(အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည်** (မြို့/ ရွာ) | ကော့ကပ်ကလေး | ဇလွန်မြို့ |
| **ရွာမှအကွာအဝေး** (မိုင်)<br>(**အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်**) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☑<br>၅ မှ ၁၀ မိုင် ☐ ၁၀မှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☑ ၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐<br>၅၁ မှ ၁၀၀ ☐ ၁၀၀မိုင် အထက် ☐ |
| **သယ်ယူပို့ဆောင်ရေး နည်းလမ်း** | ခြေလျင် ☐ စက်ဘီး ☑ ဆိုင်ကယ် ☑<br>ကား/ထော်လာဂျီ ☑ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☑ စက်လှေ ☑ | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☑<br>ကား/ထော်လာဂျီ ☑ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။။။** မဟာသာကျေးရွာအုပ်စု၊ မဟာသာကျေးရွာကျေးရွာ၏ အနီးဆုံးဆုံးမှာ ကော့ကပ်ကလေးဈေးမှာ ၃မိုင်ပတ်ဝန်းကျင်အတွင်းရှိပြီး ကုန်စိမ်းများ ဝယ်ယူရရှိနိုင်ပြီး အကြီးဆုံးဈေးမှာ ဇလွန်ဈေးဖြစ်ပြီး ၁ဝမိုင် ပတ်လည်အတွင်း ကွာဝေးပြီး ပစ္စည်းစုံလင်စွာရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၃

## (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☐ ၂☐ ၃☐၄☑ ၅☐ | ကောင်း☐ သင့်☑ ညံ့ ☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☑ | ဝ–၁ မိုင် ☑ ၁–၅ မိုင် ☐ ၅–၁ဝ မိုင် ☐ ၁ဝမိုင်အထက်☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။ ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅**

**လေ့လာတွေ့ရှိချက်။ ။**မဟာသာကျေးရွာအုပ်စု၊ မဟာသာကျေးရွာအရှေ့ပိုင်းကျေးရွာတွင် ကျေးရွာလမ်း သည် မြေသားလမ်းဖြစ်ပြီး ကွန်ကရစ် လမ်းကျဉ်းလေးဖြင့် ဆက်သွယ်အသုံးပြုရပါသည်။ ၄င်းကျေးရွာ ရွာတွင်းလမ်းမှာ အရှည်ပေ(၇ဝဝဝ)ပေရှိပြီး (၁၂)ပေအကျယ်မြေသားလမ်းပေါ်တွင် (၁ပေခွဲအကျယ်၊ ၄လက်မထု)ဖြင့် ကွန်ကရစ်လမ်းခင်းကျင်းထားရာ သွားလာဆက်သွယ်ရေးအခက်အခဲများရှိသဖြင့် ကျန်ရှိနေသောမြေသားလမ်းပေအကျယ်အား ချောင်းကျောက်ခင်း၍ လမ်းအဆင့်မြှင့်တင် ဆောင်ရွက်လိုကြောင်း ကူညီပံ့ပိုးမှုများရှိပါက ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အရာအားလုံး အဆင့်မြှင့် တိုးတက်လာမည်ဖြစ်ပါသည်။

**(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး**

ဇယား (၁၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူ ပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြော င်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ မဟာသာ(ရှေ့)ကျေးရွာတွင် မြစ်ကြောင်းသွားလာအသုံးပြုမှုမရှိပါ။

**(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဘာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | ၂ | ၃ | ၉၁ | ၆၇ | - | ၂၂ | ၃ | - | ၁ |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။** ။ ။မဟာသာကျေးရွာအုပ်စု၊မဟာသာကျေးရွာအရှေ့ပိုင်းကျေးရွာတွင် ပို့ဆောင်ဆက်သွယ်ရေးအနေဖြင့် ရေလမ်းနှင့်ကုန်းလမ်း အနည်းငယ်အဆင်ပြေသော်လည်း လမ်း တံတားများအားနည်းမှုကြောင့် ကျေးရွာပြည်သူလူထုမှာ ဆိုင်ကယ်များကိုသာပိုမို အသုံးပြုကြပါသည်။ လမ်း တံတားများအားနည်းသောကြောင့် အနည်းငယ်သွားလာရ ခက်ခဲပါသည်။



**(၅.၅) လျှပ်စစ်မီးရရှိမှု**

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | |
| ဆိုလာစနစ် | ၁၃၂ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင်(ဘက်ထရီ) | ၁၄ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | ၂၁ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။မဟာသာကျေးရွာအုပ်စု၊မဟာသာကျေးရွာအရှေ့ပိုင်းကျေးရွာတွင် လျှပ်စစ်မီး အသုံးပြုနိုင်မှုမရှိပါ။ ဆိုလာစနစ်ဖြင့်မီးလင်းနိုင်မှုအိမ်ထောင်စု(၁၃၂)စုရှိပြီး၊ ဒီဇယ်အင်ဂျင်ဖြင့်(၁၄)စု၊ အခြားနည်းဖြင့်(၂၁)စုမီးလင်းပါသည်။အများစု ဆိုလာစနစ်မှာလည်း ယခုအခါ အကုန်မီးမလင်းနိုင်ဖြစ် နေပြီး ပျက်စီးမှုများလည်းရှိနေပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ**

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၁၃၈ | ၆၂ | ၆၇ |

**ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။။** မဟာသာကျေးရွာအုပ်စု၊မဟာသာကျေးရွာအရှေ့ပိုင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့်နည်းပညာချိတ်ဆက်မှုများမှာအားကောင်းသော်လည်းသတင်းအချက်အလက်များရယူရန်အသိပညာအားနည်းနေပါသည်။ သုံးစွဲရာတွင်အကျိုးရှိသောလုပ်ငန်းများတွင်အသုံးချမှုမှာ အားနည်းပါသည်။

**(၆) ပညာရေး**

**(၆.၁) ကျောင်းတက်နှုန်း**

**ဇယား** (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၃၁ | ၁၉ | ၅၀ |
| အလယ်တန်း | ၂၄ | ၂၆ | ၅၀ |
| အထက်တန်း | ၄ | ၁၃ | ၁၇ |
| တက္ကသိုလ်/ကောလိပ် | ၄ | ၈ | ၁၂ |

**ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ</u>

သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။** ။ မဟာသာကျေးရွာအုပ်စု၊မဟာသာကျေးရွာအရှေ့ပိုင်းကျေးရွာတွင် အထက်တန်းကျောင်းခွဲကို ၂၀၁၇-၂၀၁၈ခု ပညာသင်နှစ်တွင် စတင်ရရှိပြီး ကျောင်းတွင် မူလတန်းကျောင်းသားနှင့်အလယ်တန်းကျောင်းသားဦးရေကပိုများပါသည်။ အထက်တန်းကျောင်းသားဦးရေနည်းရခြင်းမှာ အထက်တန်းကျောင်းဆောင်အနေဖြင့် အဆင်သင့်မရှိခြင်း၊ စာသင်ခုံများအားနည်းခြင်းကြောင့် ဖြစ်ပါ သည်။ မူလတန်း ကျောင်းတက်နေကြသော ကျောင်းသား/သူစုစုပေါင်း(၅၀)ဦး(၁၀၀)%၊ အလယ်တန်း တက်ရောက်နေကြသော ကျောင်းသား/သူ စုစုပေါင်း(၅၀)ဦး(၈၉)%၊ အထက်တန်း ကျောင်းတက် နေကြသော ကျောင်းသား/ သူစုစုပေါင်း (၁၇)ဦးရှိပါသည်။ ကျောင်းသား/သူအားလုံး ကျောင်းတက် မှန်ပြီး ပညာရေးကောင်းမွန်ကြပါသည်။ တက္ကသိုလ်/ကောလိပ် တက်ရောက်နေကြသော ကျောင်းသား/ သူစုစုပေါင်း(၁၂)ဦးလည်း ရှိပါသည်။



**(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ**

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☑<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| | ၂၀ မိုင် အထက် ☐ | | | ၂၀ မိုင် အထက် ☐ | | | ၂၀ မိုင် အထက် ☐ | | |
| ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☑<br>ဆိုင်ကယ် ☑<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၄.၃၉၈ကေ | | | | | | | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐သင့်☑ညံ့☐ | | | ကောင်း☐သင့်☐ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☑ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☑<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| **ဈ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☑<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဧ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၈ | ၁၈ | ၂၆ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။မဟာသာကျေးရွာအုပ်စု၊မဟာသာကျေးရွာအရှေ့ပိုင်းကျေးရွာတွင် အထက်တန်းကျောင်း(ခွဲ)ရှိပါသည်။စာသင်ကျောင်းဆောင်ကြီးမှာ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း၊ ကွန်ကရစ် ခင်းကျောင်း ဆောင်ဖြစ်ပြီး (၁၉၉၃)ခုနှစ်တွင် တည်ဆောက်ခဲ့ပါသည်။ ကျောင်းဆောင်အကျယ် အဝန်းမှာ

အဆောင်(၁)ပင်မအဆောင်မှာ (၁၈၀'x၃၀')တစ်ထပ်တိုက်၊ အဆောင်(၂)မှာ (၉၀'x၃၀')၊ အဆောင်(၃)မှာ (၁၂၀'x၃၀')ဆောက်လုပ်ဆဲကျောင်းဆောင်သစ်၊ ဝန်ထမ်းအဆောင်သစ်ဆောင် (၈၀'x၂၅')၊ စုစုပေါင်း အဆောင်(၃) ဆောင်ဖြစ်ပြီး ကျောင်းဆောင်အသစ်ဖြစ်သည့်အတွက် စာသင်ဆောင်၊စာသင်ခုံနှင့် ကျောင်းသုံးပစ္စည်းများလုံလောက်မှုမရှိပါ။ ကျောင်းသားအိမ်သာတိုက်ခန်း(၄)ခန်း တွဲနှင့်(၅)ခန်းတွဲ(၂)ဆောင်တို့ရှိ၍ လုံလောက်မှုရှိပါသည်။ ကျောင်းသားဦးရေစုစုပေါင်း(၃၅၀)ခန့်ရှိပြီး ဆရာ(၆)ဦး၊ ဆရာမ(၁၆)ဦး ရှိသည့်အတွက် ဆရာ/တပည့်အချိုး မျှတမှုရှိပါသည်။ ကျောင်းတွင် အစိုးရခန့် ကျောင်းလုပ်သားကျား(၁)ဦး၊ စာရေးကျား(၁)ဦး၊ စာရေး မ (၁)ဦးနှင့် ရေသန့် မ(၁)ဦးနှင့် (၁၀)တန်းအောင် အကူဆရာမ(၁)ဦးလည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



**(၇) ကျန်းမာရေး**

**(၇.၁) အဖြစ်များသော ရောဂါများ**

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

| စဉ် | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | *မြင့်*☐ *နိမ့်*☑ *မရှိ*☐ |
| ၂ | သွေးလွန်တုပ်ကွေး | *မြင့်*☑ *နိမ့်*☐ *မရှိ*☐ |

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု |
|---|---|---|
| ၃ | ငှက်ဖျား | မြင့်☐ နိမ့်☐ မရှိ☑ |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ နိမ့်☐ မရှိ☑ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ နိမ့်☐ မရှိ☑ |
| ၆ | တီဘီ | မြင့်☐ နိမ့်☑ မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ နိမ့်☑ မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ နိမ့်☑ မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ နိမ့်☑ မရှိ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ နိမ့်☑ မရှိ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ နိမ့်☐ မရှိ☑ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။မဟာသာကျေးရွာအုပ်စု၊မဟာသာကျေးရွာအရှေ့ပိုင်းကျေးရွာသည်ချောင်းရိုး နံဘေးလယ်ကွင်းစပ်ကြားရှိ ရွာတန်းရှည်များဖြစ်သောကြောင့်ရောဂါများမှာ အသင့်အတင့်ရှိပြီး သွေးလွန်တုတ်ကွေးရောဂါမျိုးသာ အနည်းငယ်စိုးရိမ်ရပါသည်။ ကျန်းမာရေး အသိပညာများ သိရှိမှုအား နည်းကြပါသည်။ ကျေးရွာတွင် တီဘီရောဂါသည် (၃)ဦး၊ ကျောင်းမနေသူ မွေးရာပါအရိုးပျော့ရောဂါ သည် မ(၁)ဦး၊ ကျား(၃)ဦး၊ စွံ့အနားမကြားသူ ကျား(၁)ဦးလည်း ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



**(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

**ဇယား (၁၉)  လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ☑ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ☑ | |
| ၃ | ပိုလီယိုရောဂါ | ☑ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ☑ | |
| ၅ | ဝက်သက်ရောဂါ | ☑ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု** | ☑ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | ☑ |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | | ☑ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။မဟာသာကျေးရွာအုပ်စု၊မဟာသာကျေးရွာအရှေ့ပိုင်းကျေးရွာတွင် ကာကွယ်ဆေးထိုးမှုများလွန်ခဲ့သော(၁၂)လအတွင်း အကြိမ်ရေ တော်တော်များများ ဆောင်ရွက်ခဲ့ပါသည်။ ကျန်းမာရေးဌာနမှလည်း ကျန်းမာရေးစောင့်ရှောက်မှုများကို ပြုလုပ်ဆောင်ရွက်ပေးပါသည်။

**(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☑ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☑<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☑ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☑<br>၅ မိုင် မှ ၁၀ မိုင် ☑<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☑ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။မဟာသာကျေးရွာအုပ်စု၊မဟာသာကျေးရွာအရှေ့ပိုင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနရှိပါသည်။ ကျန်းမာရေးနှင့်ပတ်သက်သည့် ပစ္စည်းများ စုံလင်စွာမရှိခြင်းတို့ကြောင့် ရောဂါကြီးများကို နီးစပ်ရာ ကော့ကပ်တိုက်နယ်(သို့)ရွားခဲတိုက်နယ်ဆေးရုံများနှင့် ဇလွန်မြို့နယ် ဆေးရုံသို့

သွားရောက်ကုသရပါသည်။ သို့ရာတွင် မိုးရာသီကာလတွင် ရောဂါများဖြစ်ပွားမှုများသော ကြောင့် ဆေးရုံများတွင်ကုတင်များ လုံလောက်မှု မရှိပါ။



## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | | ကောင်း☐ သင့်☐ ညံ့☐ | |
| အဝီစိတွင်း/ စက်တပ် | ၁၁ | ကောင်း☑ သင့်☐ ညံ့☐ | လုံလောက် |
| အဝီစိတွင်း/ တုံကင် | ၇၆ | ကောင်း☑ သင့်☐ ညံ့☐ | လုံလောက် |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်/ချောင်းေ ေ | | ကောင်း☐ သင့်☐ ညံ့☑ | |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။** ။မဟာသာကျေးရွာအုပ်စု၊မဟာသာကျေးရွာအရှေ့ပိုင်းကျေးရွာသည် ချောင်းနံဘေး တွင်တည်ရှိသော်လည်း ချောင်းရေကို လူနှင့်တိရိစ္ဆာန်များအတွက် အသုံးမပြုပါ။ တုံကင်တွင်းနှင့် စက်တပ်တွင်းများကိုသာ အသုံးပြုကြပါသည်။ တုံကင်တွင်းများအနေဖြင့် ရေကောင်းရေသန့် များရရှိ ပါသည်။ တချို့အိမ်များတွင် ရေတုံကင်များ မတူးနိုင်သောကြောင့် အများပိုင်တွင်းများတွင် အသုံးပြု လျက်ရှိပါသည်။ သောက်သုံးရေမှာ သန့်ရှင်းမှုရှိပြီး ကျေးရွာသူ ကျေးရွာသားများအတွက် သောက်သုံး ရေနှင့်ပတ်သက်၍

အခက်အခဲမရှိကြောင်း လေ့လာတွေ့ရှိရ ပါသည်။



**(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၂၂) အိမ်သာ အမျိုးအစား

| **သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား** | **သုံးစွဲနိုင်သော အိမ်ထောင်စု** |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၆၇ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။မဟာသာကျေးရွာအုပ်စု၊မဟာသာကျေးရွာအရှေ့ပိုင်းကျေးရွာတွင် အိမ်သာ အမျိုးအစားများမှာကျောက်ခွေများနှင့်ကျင်းပြုလုပ်၍သော်လည်းကောင်း၊ မြေကျင်းများတူးပြီး အခွေချ ပြီး သစ်၊ဝါးများဖြင့် ယင်လုံအိမ်သာများကို ရွာလုံးကျွတ်အသုံးပြုလျက်ရှိပါသည်။ ကျန်းမာရေးဌာနမှ ကွင်းဆင်းပြီး ယင်လုံအိမ်သာ သန့်ရှင်းရေးနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးမှုနှင့် အိမ်သာသုံး ပစ္စည်းများ ပံ့ပိုးမှုကို ပြုလုပ်ပေးပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိပါ။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | ။ |
| ၃ | ရေကြီးခြင်း | ။ |
| ၄ | မိုးခေါင်ခြင်း | ။ |
| ၅ | အအေးလွန်ကဲခြင်း | ။ |
| ၆ | မုန်တိုင်း | ။ |
| ၇ | လျှော် | ။ |
| ၈ | မီးဘေး | ထိရောက်သောကာကွယ်ရေးပစ္စည်းများမရှိပါ။ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိပါ။ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိပါ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | ။ |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁၂ | ငှက်ဖျားရောဂါ | ။ |
| ၁၃ | တီဘီရောဂါ | ။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ။ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | ။ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | ။ |
| ၁၇ | လူကုန်ကူးခြင်း | ။ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | ။ |



**လေ့လာတွေ့ရှိချက်။** ။မဟာသာကျေးရွာအုပ်စုမဟာသာကျေးရွာအရှေ့ပိုင်းကျေးရွာတွင် ကျေးရွာအားထိခိုက်စေနိုင်သော သဃာဝဘေးအန္တရာယ်ဖြစ်ပွားမှုများမှာ နည်းပါးပါသည်။ချောင်းရိုးနံဘေး ရွာတန်းရှည်ကျေးရွာများဖြစ်သောကြောင့် မီးဘေးအန္တရာယ်မှာစိုးရိမ်ရပါသည်။ မီးသတ်ပစ္စည်းများမရှိ သော်လည်း ကျေးရွာအတွင်းတွင် အဖွဲ့ဝင်(၅)ဦးဖြင့် **အရံမီးသတ်တပ်ဖွဲ့ ဖွဲ့စည်းထားပြီး မီးဘေး အန္တရာယ်များကို သတိပေးမှုရှိပါသည်။**

**(ဇ) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ**

**ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ**

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီလွှာအခြေအနေ | မြင့် | ဓာတုမြေသြဇာများသုံးစွဲမှုများခြင်းနှင့်သုံးစွဲမှုနည်းလမ်းမကျသောကြောင့်ဖြစ်ပါသည်။ |
| အပင်မျိုးစိတ်များ | နိမ့် | အပင်မျိုးစိတ်များကို သုံးစွဲမှုနည်းပါးခြင်း။ |
| ရေအရင်းအမြစ် | နိမ့် | ချောင်းရေနှင့်ရေအောက်ရေရရှိမှုများခြင်း။ |
| ငါးမျိုးကွဲများ | နိမ့် | ငါးရစ်/ငါးသန်များဖမ်းယူခြင်းမရှိပါ။ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | တိရိစ္ဆာန်များဖမ်းယူသုံးစွဲခြင်းမရှိပါ။ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မြေဩဇာ များသုံးစွဲမှုများခြင်း၊သုံးစွဲမှုများနည်းလမ်း မကျသောကြောင့်အန္တရာယ်များမြင့်ရခြင်းဖြစ်ပါသည်။ အပင်မျိုးစေ့များနှင့်ပတ်သက်ပြီး အန္တရာယ်နည်းပါးပါ သည်။ ရေအရင်းအမြစ် အန္တရာယ်မှာနည်းပါးပြီး ငါးရစ်၊ ငါးသန်ဖမ်းယူမှုများလည်းမရှိသဖြင့် အန္တရာယ်မရှိပါ။ တိရိစ္ဆာန်များကို ဖမ်းယူစားသောက်ခြင်းမရှိသောကြောင့် ဘေးအန္တရာယ်လည်းမရှိပါ။



**(၁၀) ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| စဉ် | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☑ | မရှိ ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ | ရှိ ☑ | မရှိ ☐ |

| စဉ် | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| | တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | | |

**ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။**။မဟာသာကျေးရွာအုပ်စု၊မဟာသာကျေးရွာအရှေ့ပိုင်းကျေးရွာတွင်အမျိုးသမီး အဖွဲ့များ အနေဖြင့်ကျေးရွာစီမံအုပ်ချုပ်မှုအပိုင်းတွင် ပါဝင်ဆင်နွဲလာခြင်း၊ ခေါင်းဆောင်စိတ်များရှိခြင်း၊ ရသောတာဝန်များကိုရသလိုထမ်းဆောင်ခြင်း၊ ရပ်ရေးရွာရေးများတွင်ပရဟိတလုပ်ငန်းများကို အမျိုးသမီးများအုပ်စုအဖွဲ့လိုက်ဆောင်ရွက်ခြင်းများရှိပါသည်။ စိတ်အားထက်သန်သူများကို ကျေးရွာကော်မတီခေါင်းဆောင်အနေဖြင့် တဖက်တလမ်းမှ အားကိုးရပါသည်။